DeKalb County
School District

1701 Mountain Industrial Boulevard
Stone Mountain, GA30083-1027
678-676-1200

**Board of Education**
Dr. Melvin Johnson, *Chair*
Mr. James L. 'Jim' McMahan, *Vice Chair*
Mr. David Campbell
Dr. Karen D. Carter
Mr. John W. Coleman
Dr. Michael A. Erwin
Mr. Thaddeus Mayfield
Dr. Joyce Morley
Mr. Marshall D. Orson

**Superintendent**
Mr. Michael L. Thurmond

---

# ခရိုင်လုပ်ပိုင်ခွင့်ဆိုင်ရာ ပြည်သူကြားနာခြင်း အစီအစဉ်

ဒီးကလပ်ခ် ခရိုင် ကျောင်းစီရင်စု (The DeKalb County School District) သည် ဂျော့ဂျီးယားပြည်နယ်၌ အကျယ်ပြန့်ဆုံး တရားဝင် လုပ်ပိုင်ခွင့် ဖွဲ့စည်းပုံနည်းစနစ်မျိုး ဖြစ်လာစေရန် ကြိုးစားနေပါသည်။ ဤ ရည်မှန်းချက်ပန်းတိုင် ဖြစ်မြောက်စေရန် အလို့ငှာ၊ ခရိုင် အနေနှင့် လုပ်ပိုင်ခွင့် ဖွဲ့စည်းပုံ အခြေအနေကို တောင်းခံရန်အတွက်၊ ဂျော့ဂျီးယား ပညာရေးဌာနသို့ တရားဝင် အသနားခံလွှာတစ်စောင်ကို ပေးသွင်းရမည် ဖြစ်ပြီး၊ ဤ တရားဝင် အသနားခံလွှာအတွက် သင့်ထံမှ ကုန်ကြမ်းဖြည့်သွင်းချက်များကို တောင်းခံပါသည်။ ကျောင်းခရိုင်သည် ကျောင်း၌ လုပ်ပိုင်ခွင့်နှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှု ဆိုင်ရာ သင်၏ အတွေးအမြင်များ၊ အဆိုပါ လုပ်ပိုင်ခွင့်နှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကြောင့် ကျောင်းသား/သူများကို သင်ကြားသည့်အပိုင်းမှာ၊ ကျောင်းအုပ်ချုပ်ရေးအပိုင်းမှာ ဘယ်လို ဆန်းသစ်ပြောင်းလဲမှုများသို့ ဘယ်လို ဦးတည်သွားနိုင်မည့် အချက်အလက်များကို ရယူရန် ကြိုးပမ်းနေပါသည်။

ခန့်အပ်ထားသော ငါးဦးကော်မတီ အစည်းအဝေး အစီအစဉ်ကို ရေးဆွဲခဲ့ပြီး ဖြစ်သလို၊ ကုန်ကြမ်းဖြည့်သွင်းချက်များ ပေးဆောင်မည့် အခွင့်အလမ်းကို ရှာဖွေနေသူ မိဘများ၊ ဆရာ/မများ နှင့်၊ အခြားသော အုပ်စုအသိုင်းအဝိုင်း အဖွဲ့ဝင်များ စသည်ဖြင့် မည်သူမဆို၊ ထိုသူကို တက်ရောက်ရန် ဖိတ်ခေါ်ပါသည်။ တရားဝင် လုပ်ပိုင်ခွင့် ဖွဲ့စည်းပုံနည်းစနစ်နှင့် ပတ်သက်၍ ဂျော့ဂျီးယားပြည်နယ် ပညာရေးဌာနမှ အချက်အလက်များကို ပြန်လည်သုံးသပ်ရန်နှင့်၊ ခရိုင်လုပ်ပိုင်ခွင့် အနေဖြင့် စီမံခန့်ခွဲနေခဲ့ပြီးသား ဖြစ်သော ပြည်နယ်အနှံ့ရှိ အခြားသော ကျောင်းဖွဲ့စည်းမှုစနစ်များမှ အသနားခံလွှာ (petition) အချို့တို့ကို ပြန်လည်သုံးသပ်ရန်အတွက်၊ သင့်ကို တိုက်တွန်းလိုပါသည်။ ၎င်း အချက်အလက်များကို အောက်ပါ ဝက်ဘ်လိပ်စာ၌ တွေ့နိုင်ပါသည် - http://www.gadoe.org/External-Affairs-and-Policy/Charter-Schools/Pages/default.aspx

ဒေသ IV **လစ်တိုနီးယား အထက်တန်းကျောင်း** **အင်္ဂါနေ့၊ ဩဂုတ် 26 ရက်၊ ညနေ 6:00 နာရီ**
ဒေသ II **လိတ်ဆိုက်ဒ် အထက်တန်းကျောင်း** **ဗုဒ္ဓဟူးနေ့၊ ဩဂုတ် 27 ရက်၊ ညနေ 6:00 နာရီ**
ဒေသ I **ဒွန်းဝတ္တီ အထက်တန်းကျောင်း** **ကြာသာပတေးနေ့၊ ဩဂုတ် 28 ရက်၊ ညနေ 6:00 နာရီ**
ဒေသ V **တာဝါဟိုက် အထက်တန်းကျောင်း** **အင်္ဂါနေ့၊ စက်တင်ဘာ 2 ရက်၊ ညနေ 6:00 နာရီ**
ဒေသ III **စတီဖင်ဆန် အထက်တန်းကျောင်း** **ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာ 3 ရက်၊ ညနေ 6:00 နာရီ**

ကျွန်ုပ်တို့က **သင်၏ ပါ**ဝင်မှုအတွက် ကျေးဇူးတင်ရှိသလို၊ သင့်ကို မကြာမီမှာ မြင်တွေ့ရမည်ဟု မျှော်လင့်ထားပါသည်!

ဆက်သွယ်ရန်၊
ထရန်းတန် အာနိုး (Trenton Arnod)
678.676.0671
Trenton_J_Arnold@fc.dekalb.k12.ga.us